## ဒီနေ့အတွက် သိကောင်းစရာ ( ၅၉ )
## (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ ( ၇ )

### ဆုံဆို့နာရောဂါ (Diphtheria) နှင့်ပတ်သက်ပြီး ဘာတွေသိထားရမလဲ?

ဆုံဆို့နာရောဂါသည် *(Corynebacterium diphtheriae)* ဘက်တီးရီးယားရောဂါပိုး ကူးစက်ခံထားရသူ နှာချေ၊ ချောင်းဆိုးရာမှတစ်ဆင့် ထွက်လာသော ရောဂါပိုးပါဝင်သည့်အစက်အမှုန်များ (Droplets) အသက်ရှူလမ်းကြောင်းအတွင်း တိုက်ရိုက်ဝင်ရောက်ခြင်းဖြင့် အများဆုံးကူးစက်နိုင်ပြီး ရောဂါပိုးရှိသူ၏ အနာများ (Sores or Ulcers) ကို ထိတွေ့မိရာမှတစ်ဆင့်လည်း ကူးစက်နိုင်ပါသည်။

**ရောဂါလက္ခဏာများမှာ** – လည်ချောင်းနာခြင်း၊ အစာစားလိုစိတ်မရှိခြင်း၊ ဖျားခြင်း၊ နှာရည်ယိုခြင်း၊ လည်ပင်းအကျိတ်များ ရောင်ရမ်းခြင်း၊ အာခေါင်တွင် ဖြူပြာရောင် (သို့မဟုတ်) မီးခိုးရောင်ရှိသော အမြှေးပါး ပေါ်ပေါက်လာခြင်း၊ ၎င်းအမြှေးပါးကြောင့် အစာမမျိုနိုင်ခြင်းနှင့် အသက်ရှူလမ်းကြောင်းကို ပိတ်ဆို့သဖြင့် အသက်ရှူရခက်ခဲခြင်းဖြစ်ပွားပြီး **အသက်သေဆုံး** သည်အထိ ဖြစ်နိုင်ပါသည်။ ဆုံဆို့နာရောဂါသည် အရေပြားအနာများအနေဖြင့်လည်း တွေ့ရှိရနိုင်ပါသည်။ ဆုံဆို့နာဘက်တီးရီးယားရောဂါပိုးမှ ထွက်ရှိသောအဆိပ် (Toxin) သည် နှလုံး၊ ကျောက်ကပ်နှင့် အာရုံကြောစနစ်သို့ ပျံ့နှံ့သွားပါက ရောဂါပြင်းထန်ပြီး **အသက်သေဆုံး** နိုင်ပါသည်။

**ဆုံဆို့နာရောဂါကို ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ ဘီ၊ Hib ပါဝင်သော ငါးမျိုးစပ်ကာကွယ်ဆေး (Pentavalent Vaccine) ထိုးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။**

ဆုံဆို့နာရောဂါလက္ခဏာများခံစားရခြင်း(သို့မဟုတ်)ဆုံဆို့နာရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အမြန်ဆုံးဆက်သွယ်၍ ကုသမှုခံယူပါ။ သို့မှသာ ရောဂါကြောင့် အသက်သေဆုံးမှုမှ ထိရောက်စွာ ကာကွယ်နိုင်ပါမည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဆုံဆို့နာရောဂါအပါအဝင် ရောဂါငါးမျိုးကာကွယ်နိုင်သည့် ငါးမျိုးစပ်ကာကွယ်ဆေး (Pentavalent Vaccine) ကို ကလေးအသက် (၂) လ၊ (၄) လ၊ (၆) လ အရွယ်တွင် အခမဲ့ ထိုးနှံပေးနေပါသဖြင့် မိမိ၏ရင်သွေးငယ်အား မပျက်မကွက်ရယူထိုးနှံပေးပါ။**




အာခေါင်တွင် ဖြူပြာရောင် (သို့မဟုတ်) မီးခိုးရောင်ရှိသော အမြှေးပါး ပေါ်ပေါက်နေပုံ